"မီယာဂီပြည်နယ်ရဲတပ်ဖွဲ့မှ အသိပေးချက်"

★ ပြဿနာများနှင့်ရာဇဝတ်မှုများတွင် မပါဝင်စေရန်အတွက် ★



## ★ ဂျပန်နိုင်ငံတွင်နေထိုင်ရာတွင်သတိပြုရမည့်အချက်များ

### ○ ဆူညံသံနှင့်ပတ်သက်သောပြဿနာများ

အိမ်တွင်လူများစုစည်းပြီးဆူညံခြင်း၊သီချင်းသံ၊ရုပ်မြင်သံကြားအသံများကိုကျယ်လောင်စွာဖွင့်ထားခြင်းသည်အိမ်နီးချင်းများအတွက် အနှောက်အယှက်ဖြစ်နိုင်သောကြောင့် မလုပ်ပါနှင့်။



### ○ အမှိုက်ပစ်ပုံပစ်နည်း

အမှိုက်များကိုမီးရှို့လို့ရသောအမှိုက်၊ဖန်ဘူး၊သံဗူးစသည်ဖြင့်ခွဲခြားပြီး၊သတ်မှတ်ထားသောနေ့ရက်နှင့်နေရာများတွင်သေချာစွာပစ်ပါ။

အမှိုက်ပစ်သည့်နေရာတွင်ပစ်ထားသောအရာများအတွင်းတွင်ပြန်လည်အသုံးပြုနိုင်သောအမှိုက်များလည်းပါဝင်နိုင်သောကြောင့်၊ အမှိုက်ပစ်သည့်နေရာတွင်ရှိသောပစ္စည်းများကို မိမိသဘောအလျောက်ယူသွားခြင်း မပြုရ။



### ○ လှည့်ဖျား လိမ်လည်သောဖုန်းခေါ်ဆိုမှုများကို သတိထားပါ！！

လတ်တလောမှာဂျပန်နိုင်ငံတွင်နေထိုင်သောနိုင်ငံခြားသားများထံသို့မိမိတိုင်းပြည်ရှိ သံရုံး သို့မဟုတ် လုံခြုံရေးအဖွဲ့အစည်းများအဖြစ်ဟန်ဆောင်၍(သင့်အမည်ဖြင့်ဖမ်းဆီးခြင်းအမိန့်ရှိသည်)၊ (ငွေမပေးလျှင်ဖမ်းဆီးမည်)စသည့်အကြောင်းအရာများပါဝင်သော လှည့်ဖျားလိမ်လည်ဖုန်းခေါ်ဆိုမှုများ သို့မဟုတ် SNS မက်ဆေ့ချ်များ ပေးပို့လာသောအမှုများ ဖြစ်ပွားနေပါသည်။

ဤကဲ့သို့သောဖုန်းခေါ်ဆိုမှုများရရှိလာပါက၊အရင်ဆုံးဖုန်းပြောဆိုခြင်းကိုဖြတ်ပြီးမိသားစု၊ယုံကြည်သောသူနှင့်ဆွေးနွေးတိုင်ပင်ပါ။ဖုန်းနံပါတ်မပြသော၊မသိသောနံပါတ်များမှလာသောဖုန်းများကိုမကိုင်ခြင်း၊ပြန်မဖြေခြင်းသည်လည်း ထိရောက်စွာကာကွယ်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။

တဖန် မသိသော၊ သံသယဖြစ်စရာကောင်းသော မက်ဆေ့ချ်များကို ပြန်မဖြေပါနှင့်။

### ○ ရဲတပ်ဖွဲ့ထံသို့ အရေးပေါ်အကြောင်းကြားခြင်း

အရေးပေါ် ဖြစ်ရပ်များ(ဥပမာ-ပြစ်မှုတစ်ခုသို့မဟုတ် မတော်တဆဖြစ်စဉ်တစ်ခု) တွင်ပါဝင်သွားပါက 110သို့ ဖုန်းခေါ်ဆိုပါ။

ဖုန်းခေါ်ဆိုလိုက်လျှင်ရဲတပ်ဖွဲ့ဌာနချုပ်သို့ဆက်သွယ်နိုင်မည်ဖြစ်ပြီး၊မိမိရှိရာနေရာ၊ဖြစ်ပွားချိန်၊ပါဝင်သူများ၊ဖြစ်ရပ်အကြောင်းအရာနှင့်ဖြစ်ပွားပုံကိုအဆင့်လိုက်တိတိကျကျ၊ ဖြေးဖြေးချင်းတည်ငြိမ်စွာ ပြောပြပါ။



**★ ဂျပန်နိုင်ငံတွင် ဖြစ်မှုဖြစ်နိုင်သော အပြုအမူများ**

**～SNS ၊အသိမိတ်ဆွေများမှ မိတ်ဆက်ပေးသော တရားမဝင် အလုပ်အကိုင်များကို သတိပြုပါ～**

**○ မိမိပိုင် ဘဏ်အကောင့်၏ ငွေထုတ်ကဒ်များကို အခြားသူများထံပေးခြင်း**

မိမိ၏ ဘဏ်အကောင့်ငွေထုတ်ကဒ်၊ ဘဏ်စာအုပ်၊ စမတ်ဖုန်းများကို အခြားသူများထံပေးလျှင်၊ ၎င်းတို့ကို ဖြစ်မှုများအတွက် အသုံးပြုနိုင်ပါသည်။

ငွေပေးမည်ဆိုလျှင်လည်းဘဲ မိမိပိုင် ဘဏ်အကောင့်၊ဘဏ်ကဒ်ကို အခြားသူကိုလုံးဝ မပေးပါနှင့်။

မိမိနိုင်ငံသို့အပြီးပြန်လျှင် ဘဏ်မှာ အကောင့်ပိတ်ဖို့ လုပ်ငန်းစဉ်တွေကို ပြီးစီးအောင်လုပ်ပါ။

တဖန်အခြားသူကိုရောင်းချရန်သို့မဟုတ်ပေးရန်အတွက်ဘဏ်အကောင့်ဖွင့်ခြင်း၊

စမတ်ဖုန်းစာချုပ်ချုပ်ခြင်းများသည်လည်း ဖြစ်မှုမြောက်ပါသည်။ လုံးဝမလုပ်ပါနှင့်။



**○ တရားမဝင် အလုပ်အကိုင်များ**

ယနေ့ခေတ်တွင်SNSစသည်ဖြင့်တရားမဝင်သောအလုပ်အကိုင်များတွင်ပါဝင်ရန်လူများကိုဖိတ်ခေါ်နေသောပြစ်မှုကျူးလွန်နေသောအဖွဲ့များ ရှိနေပါသည်။

(လစာများသောအလုပ်)၊(အထုပ်လက်ခံရုံပဲ)စသောစကားများနဲ့လှည့်ဖျားနေသောကြောင့် အထူးသတိပြုပါ။

သူငယ်ချင်း၊စီနီယာတို့ကဖိတ်ခေါ်လာခြင်း၊မြူဆွယ်လည်းဘဲလုံးဝမပါဝင်ပါနှင့်။ပြစ်မှုတွင်ပါဝင်သွားနိုင်ပါတယ်!!

**○ ဥပဒေမဲ့လောင်းကစားလုပ်ခြင်း**

လောင်းကစားများတွင် ဥပဒေမဲ့သောအရာများလည်း ပါဝင်နိုင်သည်။

ပိုက်ဆံအငြင်းပွားမှုများကြောင့်ဒဏ်ရာ၊ပြစ်မှုများစသည့်အမှုများတွင်ပတ်သက်လာနိုင်သောကြောင့် လောင်းကစားများကို လုံးဝ မလုပ်ပါနှင့်။

**○ မိမိနိုင်ငံသို့ ငွေလွှဲပေးပို့သောအခါ**

မိမိနိုင်ငံရှိ မိသားစုများနှင့် ငွေကြေးအပြန်အလှန် လုပ်ဆောင်ရာတွင် မဖြစ်မနေ ဘဏ်ကို အသုံးပြုပါ။

မိတ်ဆွေ၊ပွဲစားများနှင့် ချိတ်ဆက်ပြီး ငွေလွှဲပေးခြင်းများကို မလုပ်ပါနှင့်။




